## ၂။ သရက်ပင်စည်ထိုးပိုး

**Mango tree borer: *Batocera rufomaculata* (De Geer, 1775)**

**Coleoptera: Cerambycidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**

 

ဥမှပေါက်ခါစ လောက်ကောင်သည် (၁၀)မီလီမီတာအရှည်ရှိပြီး အရွယ်ရောက် လောက်ကောင်သည်များသောအားဖြင့် (၆၀–၈၀) မီလီမီတာ အရှည်ရှိပါသည်။ ပိုးလောက်ကောင် မှာ ပျော့ပျောင်းသော ဆလင်ဒါပုံသဏ္ဍာန်ဖြစ်ပြီး ဝမ်းဗိုက်ပိုင်းမှာပြား၍ ဖြူဝါရောင်ရှိကာ ဦးခေါင်းခွံမှာ အညိုရင့်ရောင်ဖြစ်ပြီး ထင်ရှားသောခြေထောက်များမရှိပါ။ ပိုးရုပ်ဖုံးသည် (၈၀) မီလီမီတာဝန်းကျင် အရှည်ရှိ၍ မေးရိုးနှင့် ဦး မှင် များ၏ အရင်းတွင် တိုတောင်းသော နီညိုရောင် အမွေး များ ပါရှိသည် အကောင်ကြီးသည် (၂၅–၅၅) မီလီမီတာ အရှည်ရှိပါသည်။ အကောင်ကြီး၏ ဦးမှင်အရှည်သည် ခန္ဓာကိုယ် နှင့် ပေါင်အရှည် လောက်ရှိပါသည်။ ခြေထောက်များအားလုံးတွင် ခြေသည်းများ မပါဝင်ဘဲ တူညီသော အဆစ် လေးပိုင်းရှိပါသည်။

**ဖျက်ဆီးပုံလက္ခဏာများ**



အကောင်ကြီးသည် အစိမ်းရောင်ပင်စည်နှင့် အရွက်များကို ကိုက်ဖြတ် စားသောက်သည်။ အမကျိုင်းကောင်သည် ပင်စည်အခေါက်ပေါ် တွင် အရာပြုလုပ်၍ ၎င်း အရာထဲတွင်ဥ အုလေ့ရှိသည်။ အကောင်ကြီးနှင့် ပိုးလောက်ကောင် သည် ပင်စည်၊ အကိုင်းအခက်ကြီးနှင့် အမြစ်အားဖျက်ဆီးသည်။လောက်ကောင် သည်အပင်အခေါက် များကိုတိုက်ရိုက် နက်နက် ထိုးသွင်းဖျက်ဆီးနိုင်သည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥအဆင့် | – (၁–၂)ပတ် |
| လောက်ကောင်အဆင့် | –(၆)လ |
| ရုပ်ဖုံးအဆင့် | –(၁၉–၃၆)ရက် |
| အကောင်ကြီးအဆင့် | –(၆)လ |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)အရွယ်ရောက်လောက်ကောင်ရှိသော ပင်စည်ထဲသို့ ပိုးသတ်ဆေးထိုးပါ။

(သို့)ပိုးသတ် ဆေးဆွတ် ထားသော ဂွမ်းကိုပင်စည် ထဲ သို့ထိုးထည့်ပါ။

(၂)ပင်စည်အတွင်းသို့ဆေးထိုးထည့်ပါ (သို့)ပိုးသတ်ဆေးစွပ်ထားသော ဂွမ်းကိုပင်စည် ထဲ သို့ထိုးထည့်ပါ။

- ဖစ်ပရိုနေး (Fipronil)
- ဒိုင်မီသိုရိတ် (Dimethoate)

(၃)အလူမီနီယမ်ဖော့စ်ဖိုက် (Aluminium Phosphide) ဆေးပြားများအား ပင်စည်အခေါက်ထဲ ထည့်ပြီး အပေါ်မှနွှားချေးအုံပေးပါ။

(၄)လတ်ဆတ်သောနွားချေးနှင့်မြေနီရော၍ပင်စည်အားသုတ်လိမ်းပြီးပတ်တီးစည်းပါ။

(၅)အပင်ခြေအားမြေဆွ၍ ဖစ်ပရိုနေး ၃ဂျီအာ(Fipronil 3GR)(သို့) ကာဘိုဆာလဖန် ၅ဂျီ (Carbosulfan 5G)ထည့်ပါ။ ပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူး ဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ခူးဆွတ်ပါ။